# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## ၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) နည်းဥပဒေများ

**အမှတ် ၄၂**

**ရန်ကုန်မြို့၊ ၁၃၁၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်**

**(၁၉၅၆ ခုနှစ်၊ မတ်လ ၁၀ ရက်)**

**[ ပြင်ဆင် : 10.07.2013 ]**

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့အထိ ပြင်ဆင်၊ ဖြည့်စွက်ပြီး ဖြစ်ပါသည်။)

အမှတ် ၄၂ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ၏ ပုဒ်မ ၁၀ ဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက် နိုင်ငံတော်သမ္မတသည် အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

၁။ အမည်။ ဤနည်းဥပဒေများကို **၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) နည်းဥပဒေများ** ဟု ခေါ်ရမည်။

၂။ **အဓိပ္ပါယ် ရှင်းလင်းဖော်ပြချက်**။ ဤနည်းဥပဒေများတွင်-

(က) "**အက်ဥပဒေ**" ဆိုသည်မှာ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ဆိုလို သည်။

(ခ) "**ပုံစံ**" ဆိုသည်မှာ ဤနည်းဥပဒေများနှင့် ပူးတွဲထားသောပုံစံကို ဆိုလိုသည်။

၃။ နို့တစ်စာပုံစံနှင့် နို့တစ်စာချအပ်သည့် နည်းလမ်း

(၁) အက်ဥပဒေ၏ ပုဒ်မ ၃ အရ ထုတ်ဆင့်သော နို့တစ်စာသည် ပုံစံ "က" အတိုင်း ဖြစ်ရမည်။ အက်ဥပဒေ၏ ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) အရ ထုတ်ဆင့်သော နို့တစ်စာသည် ပုံစံ "ခ" အတိုင်း ဖြစ်ရမည်။

(၂) ပုံစံ "ခ" ဖြင့် ရေးသားထားသော နို့တစ်စာကို ရရှိသဖြင့် လျော်ကြေးပြတ်ဆိုခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်များတင်သွင်းလျှင် အခွင့်ရအာဏာပိုင်က ထိုကန့်ကွက်ချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပြီးနောက် မိမိသင့်တော်သည်ဟု ယူဆသောအမိန့်ကို ချမှတ်ရမည်။

(၃) ဆိုခဲ့သည့် နို့တစ်စာအသီးသီးကို စာပို့တိုက်မှပေးပို့ခြင်းဖြင့်သော်လည်းကောင်း၊ သက်ဆိုင်သူအား ပေးအပ်ခြင်းဖြင့်သော်လည်းကောင်း၊ သတင်းစာမှ ကြေငြာခြင်းဖြင့် သော်လည်းကောင်း၊ အခြားဆက်သွယ်ရေးနည်းလမ်း တစ်ရပ်ရပ် ဖြင့်သော်လည်းကောင်း၊ ထိုသူနှင့်အတူ ထိုအိမ်ဥပစာတွင် နေထိုင်သော ထိုသူ၏ အိမ်ထောင်သားစုဝင်များအနက် အရွယ်ရောက်သူတစ်ဦးအား ပေးအပ်ခြင်းဖြင့်သော်လည်း ကောင်း၊ ထိုသူတစ်ဦးတစ်ယောက်မျှမရှိလျှင် နို့တစ်စာမိတ္တူတစောင်ကို ခွင့်ပြုချက်မရဘဲ နေထိုင်သည့် အစိုးရအိမ်ဥပစာ၏အများမြင်သာသော အစိတ်အပိုင်းပေါ်တွင် ဆွဲကပ်ခြင်းဖြင့်သော်လည်းကောင်း ချအပ်ရမည်။

<ပြင်ဆင် 10.07.2013>

၄။ **အစိုးရအိမ်ဥပစာကို သိမ်းယူရာတွင် လိုက်နာရမည့်နည်းလမ်း**

Myanmar Law Information System (MLIS)

(၁) အခွင့်ရအာဏာပိုင်က အက်ဥပဒေအရ တစ်ဦးတစ်ယောက်သောသူအား အစိုးရအိမ်ဥပစာမှ ဖယ်ရှားရန်ကိစ္စအလို့ငှာ၊ မိမိက လိုအပ်သည်ဟု ယူဆလျှင် (ရဲအဖွဲ့၏ အကူအညီရယူခြင်း ပါဝင်သည့်) သင့်တော်လိုအပ်သည့် အနိုင်အထက်ပြုမှုကို အသုံးပြုခြင်း၊ သို့တည်းမဟုတ် အသုံးပြုစေခြင်းဖြင့် လည်းကောင်း၊ သင့်တော်လိုအပ်သည့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်း သို့တည်းမဟုတ် ဆောင်ရွက်စေ ခြင်းဖြင့်လည်းကောင်း ဖယ်ရှားနိုင်သည်။

(၂) အက်ဥပဒေအရ သိမ်းယူရမည့် အစိုးရအိမ်ဥပစာ သော့ခတ်ထားသည်ကိုတွေ့ရှိလျှင်၊ အခွင့်ရ အာဏာပိုင်သည် သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ အခွင့်ရအာဏာပိုင်က စာဖြင့် အာဏာအပ်နှင်းထား သောသူသည် သက်သေနှစ်ဦးရှေ့တွင် သော့အိမ်ကိုချိုးဖွင့်၍ ထိုအိမ်ဥပစာတွင်းသို့ ဝင်ရောက်နိုင်သည်။

သို့ရာတွင်-

(က) ဤနည်းဥပဒေခွဲဖြင့် အပ်နှင်းထားသည့် အာဏာများအရ အစိုးရအိမ်ဥပစာအတွင်းသို့ ဝင်ရောက် ခြင်းကို နေဝင်ပြီးနောက်လည်းကောင်း၊ နေမထွက်မီလည်းကောင်း မပြုရ။

(ခ) ဤနည်းဥပဒေခွဲဖြင့် အပ်နှင်းထားသည့် အာဏာများအရ အစိုးရအိမ်ဥပစာအတွင်းသို့ ဝင်ရောက် လျှင် ထိုအိမ်ဥပစာအတွင်း တွေ့ရှိသည့်ပစ္စည်းများကို သက်သေနှစ်ဦးရှေ့တွင် စာရင်းပြုလုပ်၍ ထိုပစ္စည်း များကို လုံခြုံစွာထိန်းသိမ်းထားရမည်။

**၅။ သိမ်းယူခြင်းကို နေဝင်ပြီးနောက် သို့တည်းမဟုတ် နေမထွက်မီ မပြုရ**

အစိုးရအိမ်ဥပစာကို သိမ်းယူရန်ကိစ္စအလို့ငှာ ထိုအိမ်ဥပစာအတွင်းသို့ ဝင်ရောက်ခြင်းကို နေဝင်ပြီး နောက် သို့တည်းမဟုတ် နေမထွက်မီ မပြုရ။

**၆။ လျော်ကြေးပြတ်ဆိုခြင်း**

(၁) အက်ဥပဒေ၏ ပုဒ်မ ၄ အရ လျော်ကြေးပြတ်ဆိုရာတွင် အခွင့်ရအာဏာပိုင်သည် အောက်ပါအချက် များကို စဉ်းစားဆင်ခြင်ရမည် -

(က) အစိုးရအိမ်ဥပစာတွင် ခွင့်ပြုချက်မရဘဲ မည်သည့်ကိစ္စအတွက် နေထိုင်ကြောင်းနှင့် ထိုသို့နေထိုင် သည့် ကာလအပိုင်းအခြား၊

(ခ) အဆိုပါ အိမ်ဥပစာအတွင်းရှိ နေရာထိုင်ခင်း၏ အနေအထားနှင့် အမျိုးအစား၊

(ဂ) အစိုးရအမှုထမ်း မှအပအခြား တစ်ဦးတစ်ယောက်သောသူအား ထိုအိမ်ဥပစာကို အခနှင့်ငှားရမ်း ခဲ့လျှင် ခွင့်ပြုချက်မရဘဲ နေထိုင်သည့် ကာလအပိုင်းအခြားအတွင်း ရသင့်ရထိုက်သည့် ငှားရမ်းခ ၊

(ဃ) ခွင့်ပြုချက်မရဘဲ နေထိုင်သည့် ကာလအပိုင်းအခြားအတွင်း ပြုလုပ်ခဲ့သည့် ထိုအိမ်ဥပစာ၏ အပျက်အစီး ၊

(င) လျော်ကြေး ပြတ်ဆိုရန်ကိစ္စအလို့ငှာ အခွင့်ရအာဏာပိုင်က သက်ဆိုင်သည်ဟု မိမိထင်မြင်သည့် အခြားအချက်များ။

(၂) အစိုးရအိမ်ဥပစာ၏ အပျက်အစီးများအတွက် လျော်ကြေးပြတ်ဆိုရန်ကိစ္စအလို့ငှာ အခွင့်ရအာဏာ ပိုင်သည် သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ အခွင့်ရအာဏာပိုင်က စာဖြင့်အာဏာအပ်နှင်းထားသော သူသည်



Myanmar Law Information System (MLIS)

ထိုအိမ်ဥပစာအတွင်းသို့ ဝင်ရောက်၍ ကြည့်ရှုစစ်ဆေးနိုင်သည်။ သို့ရာတွင် ယင်းသို့ဝင်ရောက် ကြည့်ရှု စစ်ဆေးခြင်းကို နေဝင်ပြီးနောက်လည်းကောင်း၊ နေမထွက်မီလည်းကောင်း မပြုရ။

၇။ အယူခံဝင်ရာတွင် လိုက်နာရမည့်နည်းလမ်းနှင့် ကျင့်ထုံး

(၁) အက်ဥပဒေအရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခန့်အပ်ထားသောအခွင့်ရ အာဏာပိုင်ကချမှတ် သည့်အမိန့်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းသော အယူခံအဖွဲ့ သို့အယူခံတင်သွင်းနိုင်သည်။

(က) အုပ်ချုပ်ရေးမှူး၊ ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့။

(ခ) အုပ်ချုပ်ရေးအရာရှိ (အဆောက်အဦ)၊ ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့။

(ဂ) အုပ်ချုပ်ရေးအရာရှိ (မြေနှင့်အခွန်တော်)၊ ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့။

(ဃ) အခြားခရိုင်များ၏ ကော်လိပ်တော်အရာရှိများ။

(၂) အယူခံလွှာများတွင် အယူခံဝင်ရခြင်း အကြောင်းများကိုဖော်ပြ၍ အယူခံလွှာနှင့်အတူ အယူခံဝင်သည့်အမိန့်၏ မိတ္တူတစောင်ကို ပူးတွဲပါရှိရမည်။

(၃) အယူခံအဖွဲ့သည် အခွင့်ရအာဏာပိုင်၏ အစီရင်ခံစာနှင့် အမှုတွဲအပြည့်အစုံကို တောင်းခေါ် ကြည့်ရှုခြင်းနှင့်လိုအပ်သော သက်သေများကို စစ်ဆေး၍ ထွက်ဆိုချက် ရယူခြင်းတို့ ဆောင်ရွက် နိုင်သည်။

<ပြင်ဆင် 10.07.2013>

အမိန့်အရ၊

ကော၊ အက် (ဖ်)၊ ဟိုး၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

ပြည်သူ့လုပ်ငန်းဝန်ကြီးဌာန။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ “က” အက်ဥပဒေ ပုဒ်မ ၃ အရ နို့တစ်စာ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ “ခ” အက်ဥပဒေ ပုဒ်မ ၄ အရ၊ လျော်ကြေးပေးဆောင်ရန် နို့တစ်စာ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန “အမိန့်ကြော်ငြာစာအမှတ် (   /   )

Myanmar Law Information System (MLIS)